# ဩစတြေးလျသို့ မကြာသေးခင်က ရောက်လာပါသလား။

သင်သည် ဩစတြေးလျသို့ မကြာသေးမီက ပြောင်းရွှေ့လာခဲ့လျှင် သင့်အတွက် အသုံးဝင်နိုင်စေမည့် သတင်းအချက်အလက်များ ဤစာစောင်တွင် ပါရှိပါသည်။ နိုင်ငံသစ်သို့ ပြောင်းရွှေ့လာခြင်းသည် ခက်ခဲနိုင်သည်။ အသစ်ရောက်လာသူအနေနှင့် သင်သည် Australian Government (ဩစတြေးလျအစိုးရ)ထံမှ ထောက်ပံ့ငွေနှင့် ဝန်ဆောင်လုပ်ငန်းအချို့ကို ရရှိနိုင်ပါသည်။

## ကျန်းမာရေးဝန်ဆောင်လုပ်ငန်းများ

ဩစတြေးလျတွင် Medicare (မယ်ဒီကဲ)ဟုခေါ်သော နိုင်ငံတော်ကျန်းမာရေးစောင့်ရှောက်မှုစနစ် ရှိသည်။ Medicare သည် ရပိုင်ခွင့်ရှိသူများအတွက် ကျန်းမာရေးကုန်ကျစရိတ်ကို ကူညီပံ့ပိုးပေးသည်။ ဤသို့ပံ့ပိုးပေးရာတွင် ဆရာဝန်ထံ သွားရောက်တွေ့ဆုံပါက ကုန်ကျငွေအချို့ပြန်အမ်းပေးသည့်အပြင်၊ Pharmaceutical Benefits Scheme (ဆေးဝါးခံစားခွင့်အစီအစဉ်) သို့မဟုတ် Repatriation Pharmaceutical Benefits Scheme (စစ်ပြန်ဆေးဝါးခံစားခွင့်အစီအစဉ်) မှတစ်ဆင့် ဈေးသက်သာသောဆေးဝါးများကို ရယူခြင်းတို့ ပါဝင်သည်။

ပိုမိုသိရှိလိုပါက **servicesaustralia.gov.au/medicareservices** တွင် ဖတ်ရှုပါ။

ရပိုင်ခွင့် ရှိမရှိနှင့် Medicare တွင် စာရင်းသွင်းနည်းအကြောင်း နောက်ထပ် သတင်းအချက်အလက်များအတွက် **servicesaustralia.gov.au/medicarecard** တွင် ဖတ်ရှုပါ။

Medicare တွင် စာရင်းသွင်းသောအခါတွင် My Health Record (မိမိကျန်းမာရေးမှတ်တမ်း)ကို ရနိုင်သည်။ My Health Record သည် လုံခြုံစိတ်ချရသော အွန်လိုင်းကျန်းမာရေးမှတ်တမ်းအကျဉ်းချုပ် ဖြစ်ပါသည်။ ထိုအကျဉ်းချုပ်သို့ ထည့်သွင်းလိုသောအရာများအပြင် ကြည့်ရှုနိုင်သောသူများကို သင် ရွေးချယ်နိုင်သည်။ သင့်ကျန်းမာရေးအကြောင်းကို သင့်ဆရာဝန်များ၊ ဆေးရုံများ၊ အခြားကျန်းမာရေးစောင့်ရှောက်သူများနှင့် မျှဝေရန် သင် ရွေးချယ်နိုင်ပါသည်။ သင့်ကလေး၏ My Health Record ကို ကလေးအသက် 14 နှစ်အထိ သင်စီမံခန့်ခွဲနိုင်သည်။ အသက် 14 နှစ်ရောက်သည်နှင့် ကလေးများသည် ၎င်းတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်သည်။

သင့် My Health Record ကိုအသုံးပြုပုံများအတွက် **myhealthrecord.gov.au** တွင် ဖတ်ပါ သို့မဟုတ်

**1800 723 471** သို့ ဖုန်းခေါ်ဆိုပါ။

သင်သည် အချို့နိုင်ငံများမှ ဩစတြေးလျသို့ အလည်လာပါက၊ Reciprocal Health Care Agreements (အပြန်အလှန် ကျန်းမာရေးစောင့်ရှောက်မှု သဘောတူညီချက်များ)အရ လျှော့ပေါ့ဈေးဖြင့် ကျန်းမာရေးဝန်ဆောင်လုပ်ငန်းအချို့ကို ခံစားခွင့်ရှိသည်။ ဩစတေးလျသည် နိုင်ငံအချို့နှင့် Reciprocal Health Care Agreements ရှိပါသည်။ ဤနိုင်ငံများကို **servicesaustralia.gov.au/rhca** တွင် ဖတ်ရှုပါ။

အကယ်၍ သင်သည် အဆိုပါနိုင်ငံများထဲမှ တစ်ခုမှဖြစ်ပြီး ရပိုင်ခွင့်သတ်မှတ်ချက်များနှင့် ကိုက်ညီပါက၊ သင် ဩစတြေးလျတွင် ရှိနေစဉ်တွင် Medicare ဝန်ဆောင်လုပ်ငန်းများအတွက် ရနိုင်ပါသည်။

## ကျွန်ုပ်တို့၏ ထောက်ပံ့ငွေများ

သင်ရနိုင်သော ထောက်ပံ့ငွေ သို့မဟုတ် သက်သာခွင့်ကတ်များသည် သင်ကိုင်ဆောင်ထားသော ဗီဇာ သို့မဟုတ် ဩစတြေးလျနိုင်ငံသားဖြစ်ခြင်းအပေါ် မူတည်ပါသည်။ စောင့်ဆိုင်းကာလနှင့် သင်သိရန် လိုသော အခြေအနေများလည်း ရှိနိုင်ပါသည်။

သင်သည် ဩစတြေးလျသို့ ယခုမှ ရောက်လာသူဖြစ်ပြီး အမြဲတမ်းနေထိုင်ခွင့်၊ လူသားချင်းစာနာထောက်ထားမှု၊ ဒုက္ခသည်၊ ယာယီအိမ်ထောင်ဖက် သို့မဟုတ် ယာယီကာကွယ်မှုဗီဇာကိုင်ဆောင်ထားသူ ဖြစ်ပါက သို့မဟုတ် ဩစတြေးလျတွင် Special Category ဗီဇာဖြင့် နေထိုင်သော နယူးဇီလန်နိုင်ငံသားဖြစ်ပါက ထောက်ပံ့ငွေအချို့ သို့မဟုတ် သက်သာခွင့်ကတ်များ ရရှိနိုင်ပါသည်။

နေထိုင်ခွင့်လိုအပ်ချက်များနှင့်စပ်လျဉ်း၍  နောက်ထပ် သတင်းအချက်အလက်များအတွက် **servicesaustralia.gov.au/residencedescriptions** တွင် ဖတ်ရှုပါ။

## Special Benefit

သင်သည် အခြားထောက်ပံ့ငွေများ မရနိုင်ဘဲ၊ ငွေကြေးအခက်အခဲကြောင့် အထောက်အပံ့ လိုနေပါက၊ သင်သည် Special Benefit ကို ရနိုင်ပါသည်။

Special Benefit သည် သင်တတ်နိုင်စွမ်းသည်ထက် ကျော်လွန်သည့် အကြောင်းများကြောင့် ငွေကြေးလိုအပ်ခြင်းအပြင် သင်နှင့် သင့်မှီခိုသူများအတွက် လုံလောက်သော ဝင်ငွေမရှာနိုင်ခြင်းအတွက် ကူညီရန် ထောက်ပံ့ငွေ ဖြစ်သည်။

အကယ်၍ သင် (နှင့် သင့်အိမ်ထောင်ဖက်) သည် ဩစတြေးလျ နေထိုင်ခွင့်အခြေအနေကြောင့်  ဝင်ငွေထောက်ပံ့ငွေ မရနိုင်ပါက၊ သင့်တွင်ရှိသော ကလေး (သို့မဟုတ် ကလေးများ)သည် ဩစတြေးလျ နိုင်ငံသား သို့မဟုတ် ဩစတြေးလျနိုင်ငံ အမြဲတမ်းနေထိုင်ခွင့်ရသူဖြစ်ပါက Special Benefit ကို ရနိုင်ပါသည်။

## သင့်ထောက်ပံ့ငွေအတွက် တာဝန်ဝတ္တရားများ

ဤထောက်ပံ့ငွေအချို့သည် သင့်အား အလုပ်အချို့ပြုလုပ်ရန်နှင့် လူတွေ့ရက်ချိန်းအချို့သွားရန် လိုအပ်ပါသည်။ သင့်ထောက်ပံ့ငွေ ရပ်ဆိုင်းခြင်း မဖြစ်ရန် ဤအလုပ်များကို လုပ်ဆောင်ပြီး သင့်လူတွေ့ရက်ချိန်းများကို သွားရန် အရေးကြီးပါသည်။

## ကာကွယ်ဆေးထိုးနှံခြင်းနှင့် မိသားစုအထောက်အပံ့

National Immunisation Program Schedule (နိုင်ငံတော် ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်)တွင် ဖော်ပြထားသော ကလေးအရွယ်ကာကွယ်ထိုးနှံခြင်းများသည် မိသားစု အထောက်အပံ့ငွေများနှင့် ချိတ်ဆက်ထားပါသည်။ သင်သည် ကလေးများအတွက် မိသားစုအထောက်အပံ့ငွေ ရရှိနေပါက ကလေးတစ်ဦးစီသည် ကာကွယ်ဆေးထိုးနှံခြင်း သတ်မှတ်ချက်နှင့် ကိုက်ညီခြင်းရှိမရှိ စစ်ဆေးပါမည်။

သင့်ကလေးသည် အချိန်နှင့်အညီ ကာကွယ်ဆေးများထိုးနှံထားမှသာ အောက်ပါတို့ကို ရနိုင်ပါမည်။

- Family Tax Benefit Part A ရပိုင်ခွင့် အပြည့်
- Child Care Subsidy
- Additional Child Care Subsidy.

National Immunisation Program Schedule (နိုင်ငံတော် ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်) ကို သိရှိရန် **health.gov.au/immunisation** တွင် ဖတ်ရှုပါ။

အကယ်၍ သင့်တွင် အခြားနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံဖူးပါက၊ ၎င်းကာကွယ်ဆေးများကို Australian Immunisation Register (AIR) တွင် ထည့်သွင်းနိုင်သည်။ ပြည်ပ ကာကွယ်ဆေးထိုးနှံခြင်းအကြောင်းဆိုင်ရာ နောက်ထပ် သတင်းအချက်အလက်များအတွက် **servicesaustralia.gov.au/overseasimmunisations** တွင် ဖတ်ရှုပါ။

ကာကွယ်ဆေးထိုးနှံခြင်းသတ်မှတ်ချက်များအကြောင်း နောက်ထပ်သတင်းအချက်အလက်များအတွက် **servicesaustralia.gov.au/immunisation** တွင် ဖတ်ရှုပါ။

သင့်ကလေး ကာကွယ်ဆေးထိုးနှံသောအချိန်တွင် ကျွန်ုပ်တို့အား ပြောပြရန် မလိုအပ်ပါ - ကျွန်ုပ်တို့သည် ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို AIR တွင် စစ်ဆေးပါသည်။

သင် သို့မဟုတ် 14 နှစ်အောက် သင့်ကလေး၏ ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်းရာဇဝင်များကို myGov သို့မဟုတ် Express Plus Medicare မိုဘိုင်းအက်ပ်မှတစ်ဆင့် သင်၏ Medicare အွန်လိုင်းမှတ်တမ်းတွင် ကြည့်ရှုနိုင်ပါသည်။ သင်သည် 14 နှစ်နှင့်အထက်အရွယ် ဖြစ်ပါက၊ သင်သည် သင်၏ ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်းရာဇဝင်ကို ကြည့်ရှုနိုင်သည်။ သင့်တွင် myGov စာရင်းဖွင့်မထားပါက **my.gov.au** တွင် စာရင်းတစ်ခု ဖွင့်၍ Medicare နှင့် ချိတ်ဆက်နိုင်ပါသည်။

AIR အကြောင်း ပိုမိုသိရှိရန် **servicesaustralia.gov.au/air** တွင် ဖတ်ရှုပါ။

## စောင့်ဆိုင်းချိန်များ

နေထိုင်ခွင့်ရသူအသစ်များသည် ထောက်ပံ့ငွေ သို့မဟုတ် သက်သာခွင့်ကတ်များကို မလျှောက်ထားမီ စောင့်ဆိုင်းကာလအချို့များကို စောင့်ရန် လိုအပ်ပါသည်။ ကင်းလွတ်ခွင့်များလည်း ရှိပါသည်။ ဥပမာ- ဒုက္ခသည်ဗီဇာနဲ့ ရောက်လာပါက။

အမြဲတမ်းနေထိုင်ခွင့်ဗီဇာရပြီးနောက် သင် စတင်နေထိုင်သည့်နေ့မှစ၍ သင်၏ စောင့်ဆိုင်းကာလ စတင်ပါသည်။ ဤကာလအတွင်း ဩစတြေးလျတွင်နေထိုင်သည့် နေ့ရက်များသည်သာ စောင့်ဆိုင်းကာလတွင် ထည့်သွင်းတွက်ချက်ပါသည်။

ပိုမိုသိရှိလိုပါက **servicesaustralia.gov.au/newresidentswaiting** တွင် ဖတ်ရှုပါ။

## နိုင်ငံတကာ လူမှုဖူလုံရေး သဘောတူညီချက်များ

အခြားနိုင်ငံများနှင့် ကျွန်ုပ်တို့၏သဘောတူညီချက်များမှ သင်သည် ထောက်ပံ့ငွေများ ရနိုင်ပါသည်။ ဤသဘောတူချက်များသည် သင့်အား အခြားနိုင်ငံမှ ထောက်ပံ့ငွေကိုလည်း ရနိုင်စေပါသည်။ ဩစတေးလျနှင့် အခြားနိုင်ငံများတွင် နေထိုင်သောကာလများသည် ထောက်ပံ့ငွေ ရနိုင် မရနိုင်ကို ကူညီဆုံးဖြတ်နိုင်ပါသည်။ ထောက်ပံ့ငွေတစ်ခုကို သင် လျှောက်ထားသောအခါ၊ သင်သည် အခြားနိုင်ငံနှင့် ရှိထားသော သဘောတူညီချက်အရ ထိုထောက်ပံ့ငွေကို ရနိုင်၊ မရှိ စစ်ဆေးပါမည်။ ပိုမိုသိရှိလိုပါက **servicesaustralia.gov.au/issa** တွင် ဖတ်ရှုပါ။

## ဩစတြေးလျပြင်ပ ထောက်ပံ့ငွေများ

သင်သည် ဩစတြေးလျမှ ထွက်ခွာသောအခါ သင့်ထောက်ပံငွေ သို့မဟုတ် သက်သာခွင့်ကတ်များအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ သင်ရရှိနေသော ထောက်ပံ့ငွေအပေါ် မူတည်၍ သင်မထွက်ခွာမီ သင့်ခရီးစဉ်အကြောင်း ကျွန်ုပ်တို့အား ပြောပြရန် လိုအပ်ပါသည်။

ပိုမိုသိရှိလိုပါက **servicesaustralia.gov.au/paymentsoverseas** တွင် ဖတ်ရှုပါ။

# ကျွန်ုပ်တို့၏ ဝန်ဆောင်လုပ်ငန်းများ

## သင့်ဘာသာစကားဖြင့် သတင်းအချက်အလက်များ

ကျွန်ုပ်တို့၏ ထောက်ပံ့ငွေနှင့် ဝန်ဆောင်လုပ်ငန်းများကို နားလည်နိုင်စေရန် သင်ဖတ်နိုင်၊ နားထောင်နိုင် သို့မဟုတ် ကြည့်ရှုနိုင်သော သတင်းအချက်အလက်များကို ဘာသာစကား 70 ကျော်ဖြင့် ရရှိနိုင်ပါသည်။

အင်္ဂလိပ်မဟုတ်သော ဘာသာစကားများဖြင့် အချက်အလက်များကို **servicesaustralia.gov.au/yourlanguage** တွင် ဖတ်ရှုပါ။

ကျွန်ုပ်တို့၏ ထောက်ပံ့ငွေ သို့မဟုတ် ဝန်ဆောင်လုပ်ငန်းများထဲမှ တစ်ခုကို လျှောက်ထားရန်အတွက် အခြားဘာသာဖြင့် ပြန်ဆိုထားသော စာရွက်စာတမ်းတစ်ခု လိုအပ်ပါက၊ ကျွန်ုပ်တို့သည် ၎င်းကို အခမဲ့ ပြုလုပ်ပေးပါမည်။

Centrelink ထောက်ပံ့ငွေနှင့် ဝန်ဆောင်လုပ်ငန်းများအကြောင်းပတ်သက်၍ ကျွန်ုပ်တို့ကို သင့်ဘာသာစကားဖြင့် ပြောဆိုနိုင်ရန် **131 202** သို့ ဖုန်းခေါ်ဆိုပါ။ Medicare အတွက် **132 011** နှင့် Child Support အတွက် **131 272** သို့ ဖုန်းခေါ်ပြီး စကားပြန်လိုအပ်ပါက ကျွန်ုပ်တို့အား အသိပေးပါ။  ကျွန်ုပ်တို့ အခမဲ့ စီစဉ်ပေးပါမည်။

## Multicultural Service Officers

ယဉ်ကျေးမှုပေါင်းစုံ ဝန်ဆောင်လုပ်ငန်းဆိုင်ရာ ဝန်ထမ်းများသည် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များကို ထောက်ပံ့ငွေ၊ ဝန်ဆောင်လုပ်ငန်းများနှင့် ရရှိနိုင်စေရန် ရပ်ကျေးအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ပါသည်။

## ဒုက္ခသည်ဝန်ဆောင်လုပ်ငန်းများ

အကယ်၍ သင်သည် ဒုက္ခသည် သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဗီဇာဖြင့် ဩစတြေးလျသို့ ရောက်ရှိလာပါက သို့မဟုတ် သင်သည် ဩစတြေးလျတွင် Permanent Protection Visa ရရှိပါက၊ သင့်ဘဝသစ်တွင် အခြေချ နေထိုင်ရန် ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။

ကျွန်ုပ်တို့၏ ဒုက္ခသည်ဝန်ဆောင်လုပ်ငန်းဌာနများသည် သင့်အား ငွေကြေးအထောက်အပံ့၊ Medicare တွင်စာရင်းသွင်းခြင်းနှင့် Tax File Number (အခွန်ဖိုင်နံပါတ်တစ်ခု) ရရှိရန် ကူညီပေးနိုင်ပါသည်။ ၎င်းဌာနများသည် သင့်အား အောက်ပါဌာနများသို့ လွှဲပြောင်းပေးရန်ကိုလည်း ကူညီပေးနိုင်သည်-

- အင်္ဂလိပ်စာသင်တန်းများ
- ပညာရေးနှင့် လေ့ကျင့်ရေး
- အလုပ်ရှာရန် ကူညီခြင်း
- အခြား အစိုးရနှင့် ရပ်ကျေးဝန်ဆောင်လုပ်ငန်းဌာနများ။

အကယ်၍ သင့်တွင် Humanitarian Settlement Program ပံ့ပိုးပေးသူရှိပါက၊ ၎င်းတို့သည် သင့်အား ကျွန်ုပ်တို့၏ ဝန်ဆောင်လုပ်ငန်းများကို ရယူနိုင်ရန် ကူညီပေးပါမည်။ သင့်တွင် ကူညီမည့်သူမရှိပါက သင့်ဘာသာစကားဖြင့် တစ်စုံတစ်ဦးနှင့် စကားပြောဆိုရန် **131 202** သို့ ဖုန်းခေါ်ပါ။

## လူမှုရေးဝန်ထမ်းများ

ကျွန်ုပ်တို့၏လူမှုရေးဝန်ထမ်းများသည် ရေတို စီမံအကြံပေးခြင်း၊ သတင်းအချက်အလက်နှင့် လုပ်ငန်းဌာနများသို့ လွှဲပြောင်းပေးခြင်းများကို လုပ်ပေးနိုင်ပါသည်။

Centrelink ကိုခေါ်ဆိုသည့် ဖုန်းနံပါတ်ဖြင့် ကျွန်ုပ်တို့ကို ဖုန်းခေါ် ပြီး လူမှုရေးဝန်ထမ်းတစ်ဦးနှင့် စကားပြောလိုကြောင်း ပြောဆိုခြင်းဖြင့် သင်သည် လူမှုရေးဝန်ထမ်းတစ်ဦးအား ဆက်သွယ်နိုင်ပါသည်။

အကယ်၍ သင်သည် စကားပြန်တစ်ဦး လိုအပ်ပါက ကျွန်ုပ်တို့အား အသိပေးပါ၊ သင့်အတွက် ကျွန်ုပ်တို့ စီစဉ်ပေးနိုင်ပါသည်။

## နိုင်ငံတကာ ဝန်ဆောင်လုပ်ငန်းများ

ကျွန်ုပ်တို့၏ Social Security Agreementsအရ ဩစတြေးလျ ထောက်ပံ့ငွေကို လျှောက်ထားရန် သင့်အား ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။ နိုင်ငံခြားပင်စင် လျှောက်ထားရာတွင်လည်း ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။ **13 16 73**မှ ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။

# အခြားသတင်းအချက်အလက်

## သင့်ဘဝပြောင်းလဲမှုများအကြောင်း ကျွန်ုပ်တို့ကို ပြောနိုင်ပါသည်။

သင့်အခြေအနေအပြောင်းအလဲများကိုလည်း ကျွန်ုပ်တို့ကို ပြောနိုင်ပါသည်။ ဤအပြောင်းအလဲများတွင် သင့်လိပ်စာပြောင်းခြင်း၊ အလုပ် သို့မဟုတ် အလုပ်စ/ရပ်ခြင်း သို့မဟုတ် သင့်တွင် ကလေးရှိခြင်းတို့ ပါဝင်နိုင်သည်။

သင့်အခြေအနေများအပေါ် ပြောင်းလဲမှုများအကြောင်း ကျွန်ုပ်တို့အား မပြောပြပါက၊ ကျွန်ုပ်တို့သည် သင့်အား ထောက်ပံ့ငွေများ များပြားစွာ ပေးထားနိုင်သောကြောင့် ထိုပေးငွေများကို ကျွန်ုပ်တို့ထံ ပြန်လည်ပေးဆပ်ရန် လိုအပ်နိုင်ပါသည်။

လူများသည် မှန်ကန်သော ထောက်ပံ့ငွေနှင့် မှန်ကန်သောငွေပမာဏကို ရရှိကြောင်းသေချာစေရန်အတွက် ကျွန်ုပ်တို့ ပုံမှန်ပြန်လည်သုံးသပ်မှုများ ပြုလုပ်ပါသည်။

မည်သည်တို့ကို အကြောင်းကြားရမည်နှင့်  မည်သို့ အကြောင်းကြားပုံအတွက် သတင်း အချက်အလက်များကို **servicesaustralia.gov.au/notifychanges** တွင် ဖတ်ရှုပါ။

## ပြန်ပေးရမည့်ငွေ

တစ်ခါတစ်လေ လူတွေက ပြန်ပေးရမည့်ငွေ ရှိနိုင်ပါသည်။ သင့်တွင် ပြန်ပေးရမည့်ငွေရှိပါက သင်သည် ပေးဆပ်ရမည် ဖြစ်ပါသည်။

ပိုမိုသိရှိလိုပါက **servicesaustralia.gov.au/owingmoney** တွင် ဖတ်ရှုပါ။

### Assurance of Support

Assurance of Supportသည် ဩစတြေးလျနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ရန် လျှောက်ထားသူတစ်ဦးကို ပံ့ပိုးပေးရန် လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ ကတိကဝတ်ပြုခြင်း ဖြစ်ပါသည်။

အကယ်၍ သင်သည် Assurance of Support အစီအစဉ်တစ်ခုအရ ဩစတေးလျတွင် နေထိုင်ပြီး ကျွန်ုပ်တို့ထံမှ ဝင်ငွေထောက်ပံ့ငွေအချို့ကို ရယူထားပါက၊ ဤအစီအစဉ်ကာလအတွင်း သင့်ကို အာမခံသူမှ ထိုထောက်ပံ့ငွေအားလုံးကိုပြန်ဆပ်ရပါမည်။

## အင်္ဂလိပ်စာလေ့လာခြင်း

အင်္ဂလိပ်စာ လေ့လာနိုင်ပြီး သို့မဟုတ် တိုးတက်စေမည့် သင်တန်းများကို သင် တက်ရောက်နိုင်ရန် ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။ ဩစတြေးလျနိုင်ငံသား ဖြစ်လိုပါက အင်္ဂလိပ်စာလေ့လာသင်ကြားရန် လိုအပ်ပါသည်။

အကယ်၍ သင်သည် ရွှေ့ပြောင်းနေထိုင်သူ၊ ဒုက္ခသည် သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝင်ရောက်သူအဖြစ် ဩစတြေးလျသို့ လာရန် ဗီဇာရရှိပါက၊ Department of Home Affairs' Adult Migrant English Program (AMEP). (ပြည်ထဲရေးဝန်ကြီးဌာန၏ သက်ကြီးရွှေ့ပြောင်းအခြေချ အင်္ဂလိပ်အစီအစဉ်**)** မှတစ်ဆင့် အခမဲ့ အင်္ဂလိပ်စာသင်တန်းများကို သင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဩစတေးလျသို့ရောက်ရှိပြီး သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ရထားပြီး 6 လ (သို့မဟုတ် အသက် 15 နှစ်မှ 17 နှစ်ကြားအရွယ် ဖြစ်ပါက 12 လ) အတွင်း သင်သည် AMEP ဝန်ဆောင်မှုပေးသည့်ဌာနတစ်ခုနှင့် မှတ်ပုံတင်ရန် လိုအပ်ပါသည်။

Skills for Education and Employment (ပညာရေးနှင့် လုပ်ငန်းကျွမ်းကျင်မှု) အစီအစဉ်သည် သင့်အင်္ဂလိပ်စာ အဖတ်၊ အရေးနှင့် အခြေခံသင်္ချာစွမ်းရည်များ တိုးတက်ကောင်းမွန်စေရန် ကူညီပေးနိုင်ပါသည်။ သင်သည် ဤအစီအစဉ် ရနိုင်ခွင့်ရှိမရှိ သိရှိရန်၊ သင့် ပံ့မှန်ထောက်ပံ့ငွေပေးသည့်နံပါတ်မှ ကျွန်ုပ်တို့ကို ဖုန်းခေါ်ဆိုပါ သို့မဟုတ် ဝန်ဆောင်လုပ်ငန်းဌာနသို့ သွားရောက်ပါ။

## မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု

မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဒဏ်ခံရသူများအား သတင်းအချက်အလက်၊ အရင်းအမြစ်များနှင့် လွှဲပြောင်းပေးခြင်းများ ပေးခြင်းဖြင့် ကျွန်ုပ်တို့ ပံ့ပိုးကူညီနေပါသည်။

ကျွန်ုပ်တို့တွင် ဘာသာစကားပေါင်းစုံဖြင့် ရရှိနိုင်သော သတင်းအချက်အလက်များ ရှိပါသည်။ သင် သို့မဟုတ် သင့်အသိတစ်ဦးသည် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုများကို ခံရပါက **servicesaustralia.gov.au/domesticviolence**တွင် ဖတ်ရှုပါ။

အောက်ပါဌာနများမှာပံ့ပိုးကူညီမှုများလည်း ရနိုင်သည်-

1800RESPECT **1800 737 732** သို့မဟုတ် **1800RESPECT.org.au**

MensLine Australia **1300 789 978** သို့မဟုတ် **mensline.org.au**

# ထပ်ဆောင်း အကူအညီများ

## သင့်ကိုယ်စား တစ်စုံတစ်ဦးကို ကျွန်ုပ်တို့နှင့် ဆက်ဆံရန် ရွေးချယ်ပါ။

သင်၏ Centrelink, Medicare သို့မဟုတ် Child Supportလုပ်ငန်းကို အခြားသူတစ်ဦးဦးအား လုပ်ဆောင်စေလိုပါက၊ သင့်ကိုယ်စား လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ကျွန်ုပ်တို့နှင့် ဆက်ဆံရန် သင်ခွင့်ပြုနိုင်သည်။

ဤအစီအစဉ်များအတွက် နောက်ထပ် သတင်းအချက်အလက်များအတွက်-

- **servicesaustralia.gov.au/nominees** တွင် ဖတ်ရှုပါ။
- ကျွန်ုပ်တို့ကို ဖုန်းခေါ်ပါ
- ဝန်ဆောင်လုပ်ငန်းဌာနတစ်ခုသို့ သွားတွေ့ပါ။

## ငွေကြေး စီမံခန့်ခွဲခြင်း

သင့်ငွေကြေးအသုံးပြုပုံသည် သင့်ဘဝကို ပြောင်းလဲသွားစေနိုင်ပါသည်။

သင့်ဘဝတစ်သက်တာအချိန်များတွင် သင့်အား ကူညီမည့် သတင်းအချက်အလက်များအတွက် **servicesaustralia.gov.au/managingmoney** တွင် ဖတ်ရှုပါ။

## Centrepay

Centrepay သည် သင့် Centrelink ထောက်ပံ့ငွေများမှ ပုံမှန်နုတ်ယူပြီး ကျသင့်ငွေများနှင့် အသုံးစရိတ်များကို ပေးဆောင်ပေးသည့် အခမဲ့ အစီအစဉ်တစ်ခု ဖြစ်ပြီး သင်ရွေးချယ်ပိုင်ခွင့် ရှိပါသည်။ အိမ်လခ၊ မီတာခနှင့် ဖုန်းခအစရှိသည့် ပုံမှန်ကုန်ကျစရိတ်များကို ပေးချေနိုင်ပါသည်။ နုတ်ယူမှုများကို စနိုင်၊ ပြောင်းလဲနိုင် သို့မဟုတ် ရပ်တန့်နိုင်ရန် အောက်ပါနည်းလမ်းတစ်ခုခုကိုသုံးပါ-

- myGov မှတဆင့် သင်၏ Centrelink အွန်လိုင်းစာရင်းကို အသုံးပြုခြင်း
- သင့်ဖုန်းပေါ် ရှိ myGov မိုဘိုင်းအက်ပ်ကို အသုံးပြုခြင်း
- သင့်ဖုန်းပေါ် ရှိ Express Plus Centrelink မိုဘိုင်းအက်ပ်ကို အသုံးပြုခြင်း
- ဝန်ဆောင်လုပ်ငန်းဌာနတွင် ဝန်ထမ်းအကူအညီ သုံးခြင်း
- ပုံမှန်ထောက်ပံ့ငွေပေးသည့်နံပါတ်ဖြင့် ကျွန်ုပ်တို့ကို ခေါ်ဆိုခြင်း
- သင်ပေးဆောင်လိုသော လုပ်ငန်းဌာနကို ဆက်သွယ်၍ သင့်အတွက် အစီအစဉ် ပြုလုပ်ခြင်း

နောက်ထပ် သတင်းအချက်အလက်များ သို့မဟုတ် အသုံးပြုနိုင်သောလုပ်ငန်းဌာနများကို ရှာဖွေရန် **servicesaustralia.gov.au/centrepay** တွင် ဖတ်ရှုပါ။

## ထပ်ဆောင်းထောက်ပံ့ငွေများနှင့် ဝန်ဆောင်လုပ်ငန်းများ

သင့်တွင် ကုန်ကျစရိတ် သို့မဟုတ် ပြဿနာအချို့သည် ထပ်ဆောင်းအကူအညီ လိုအပ်နိုင်သည်ကို ကျွန်ုပ်တို့နားလည်ပါသည်။ အောက်ပါတို့ထဲမှ အချို့ကိုလည်း သင် ရရှိနိုင်ပါသည် -

- Rent Assistance
- Child Care Subsidy
- Rent Deduction Scheme
- သက်သာခွင့်ကတ်များ
- Financial Information Service.

ဤထပ်ဆောင်းထောက်ပံ့ငွေနှင့် ဝန်ဆောင်လုပ်ငန်းများဆိုင်ရာ  နောက်ထပ် သတင်းအချက်အလက်များအတွက် **servicesaustralia.gov.au** တွင် ဖတ်ရှုပါ သို့မဟုတ် ကျွန်ုပ်တို့ကို ဖုန်းခေါ်ပါ။

# သင့်အကြောင်းအချက်အလက်များကို အွန်လိုင်းတွင် စီမံခန့်ခွဲပါ။

သင်၏ အကြောင်းအချက်အလက်များကို ကျွန်ုပ်တို့နှင့်အတူ အွန်လိုင်းတွင် အချိန်မရွေး နေရာမရွေး စီမံခန့်ခွဲခြင်းသည် လွယ်ကူသည်။ ကျွန်ုပ်တို့ထံ ဖုန်းခေါ်ရန် သို့မဟုတ် ကိုယ်တိုင်လာရန် မလိုဘဲ သင့် အကြောင်းအချက်အလက်များကို စီမံခန့်ခွဲရန် Centrelink, Medicare  နှင့် Child Support  အွန်လိုင်းစာရင်းကို အသုံးပြုပါ။ ဤအွန်လိုင်းစာရင်းများကို myGov  သို့မဟုတ် Express Plus  မိုဘိုင်းအက်ပ်များမှတစ်ဆင့် သင် ဝင်ရောက်နိုင်ပါသည်။

## myGov

myGov  သည် သင့်အား အွန်လိုင်း အစိုးရဝန်ဆောင်လုပ်ငန်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ၎င်းကို myGov  ဝဘ်ဆိုက် သို့မဟုတ် အက်ပ်မှတစ်ဆင့် လုပ်နိုင်ပါသည်။

myGov  စာရင်းတစ်ခုဖန်တီးရန် **my.gov.au**  ရှိ လမ်းညွှန်ချက်များကို လိုက်နာပါ။

Centrelink၊ Medicare  သို့မဟုတ် Child Support အား ချိတ်ဆက်ရန်၊ **View and link services** ကို ရွေးချယ်ပြီးနောက် Centrelink၊ Medicare  သို့မဟုတ် Child Support ဘေးရှိ **Link** ကို ရွေးချယ်ပါ။

သင့်အကြောင်း မေးခွန်းများကို ဖြေဆိုရန် လိုအပ်ပါသည်။ ၎င်းသည် သင့် myGov  စာရင်းသို့ မှန်ကန်စွာ မှတ်တမ်းကို ချိတ်ဆက်ရန် ကူညီပေးပါသည်။

သင်၏ **myGov** စာရင်း သို့မဟုတ် Centrelink၊ Medicare  သို့မဟုတ် Child Support ချိတ်ဆက်ခြင်းအတွက် အကူအညီ ရယူရန်-

- **my.gov.au/help** သို့ သွားပါ။
- **youtube.com/mygovau** တွင် myGov  ဗီဒီယိုများကို ကြည့်ရှုပါ။

- 132 307 ကိုခေါ်ဆိုပြီး myGov အကူအညီရရန် **Option 1** ကို ရွေးပါ။

## myGov အက်ပ်

သင့်ဖုန်းတွင် myGov ကို အသုံးပြုရန် အက်ပ်ကို ဒေါင်းလုဒ်လုပ်ပါ။ **QR** ကုဒ်ကို စကင်န်ဖတ်ပါ သို့မဟုတ် **my.gov.au/app** သို့ သွားပါ။

**Apple** နှင့် **Apple** တံဆိပ်များသည် အမေရိကန် နှင့် အခြားနိုင်ငံများတွင် မှတ်ပုံတင်ထားသော **Apple Inc.** ၏ ကုန်အမှတ်တံဆိပ်များဖြစ်သည်။ **App Store** သည် **Apple Inc** ၏ ဝန်ဆောင်လုပ်ငန်း အမှတ်အသားတစ်ခုဖြစ်သည်။

**Google Play** နှင့် **Google Play** တံဆိပ်များသည် **Google LLC** ၏ ကုန်အမှတ်တံဆိပ်များဖြစ်သည်။

## Express Plus မိုဘိုင်းအက်ပ်များ

Express Plus မိုဘိုင်းအက်ပ်များကို အသုံးပြု၍ သင့် အကြောင်းအချက်အလက်များကို စီမံခန့်ခွဲနိုင်သည်။ အက်ပ်များကို အသုံးမပြုမီ သင်သည် Centrelink၊ Medicare သို့မဟုတ် Child Support အား သင်၏ myGov စာရင်းသို့ ချိတ်ဆက်ထားရန် လိုအပ်ပါသည်။

Express Plus မိုဘိုင်းအက်ပ်များ နောက်ထပ် အကြောင်းအချက်အလက်များအတွက် **servicesaustralia.gov.au/expressplus** သို့ သွားပါ။

## လိမ်လည်မှုများနှင့် သင့်အွန်လိုင်းလုံခြုံရေး

သင့် အကြောင်းအချက်အလက်များကို အွန်လိုင်းတွင် လုံခြုံစွာ ထားပါ။ မည်ကဲ့သို့ လုပ်ရမည်ကို **servicesaustralia.gov.au/scams** တွင် ဖတ်ရှုပါ။

Centrelink၊ Medicare သို့မဟုတ် Child Support အပါအဝင် myGov သို့မဟုတ် Services Australia နှင့်ပတ်သက်သည့် လိမ်လည်မှုတစ်ခုကို အစီရင်ခံရန် လိုအပ်ပါက၊ **reportascam@servicesaustralia.gov.au** သို့ အီးမေးလ်ပို့ပါ။

Centrelink၊၊ Medicare သို့မဟုတ် Child Support အပါအဝင် myGov သို့မဟုတ် Services Australiaမှဟု အယောင်ဆောင်သူတစ်ဦးက သင့်အား လှည့်စားနေသည်ဟု ထင်မြင်ပါက၊ ကျွန်ုပ်တို့၏ Scams and Identity Theft Helpdesk သို့ **1800 941 126** မှ ဖုန်းခေါ်ပါ။

## နောက်ဆုံးပြောင်းလဲသည်နှင့်အညီ ရှိပါစေ

ထောက်ပံ့ငွေနှင့် ဝန်ဆောင်လုပ်ငန်းများဆိုင်ရာ အပြောင်းအလဲများအကြောင်း သိရှိရန်-

- **servicesaustralia.gov.au/news** တွင် နောက်ဆုံးရ သတင်းအချက်အလက်များအတွက် ကျွန်ုပ်တို့၏သတင်းများကို ရယူပါ။
- **servicesaustralia.gov.au/socialmedia**မှ ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ။

## အခြားပုံစံများဖြင့် သတင်းအချက်အလက်များ

အချို့သတင်းအချက်အလက်များကို အသံ၊ စီဒီ/ဒီဗွီဒီ၊ ပုံနှိပ်စာလုံးကြီး၊ မျက်မမြင်စာနှင့် အီး-စာသားများဖြင့် ရနိုင်ပါသည်။ သင့်တောင်းဆိုချက်ဖြင့် ကျွန်ုပ်တို့အား **132 717**မှ ဖုန်းခေါ်ပါ။

အကယ်၍ သင်သည် နားမကြားသူ သို့မဟုတ် အကြားအာရုံ သို့မဟုတ် စကားပြောချို့ယွင်းမှုရှိပါက National Relay Service Helpdesk သို့ **1800 555 660** မှတဆင့်ဖုန်းခေါ်ဆိုပါ သို့မဟုတ် **communications.gov.au/accesshub** သို့ သွားပါ။

## ပိုမိုသိရှိလိုပါက

- သင့်ဘာသာစကားဖြင့် သတင်းအချက်အလက်များကို ဖတ်ရှုနားထောင်ရန် သို့မဟုတ် ဗီဒီယိုကြည့်ရှုနိုင်ရန် **servicesaustralia.gov.au/yourlanguage** သို့ သွားပါ။
- Centrelink ထောက်ပံ့ငွေနှင့် ဝန်ဆောင်လုပ်ငန်းများအကြောင်းကို သင့်ဘာသာစကားဖြင့် ပြောဆိုရန် **131 202** သို့ ဖုန်းခေါ်ပါ။
- **132 011** အတွက် Medicare နှင့် **131 272** အတွက် Child Support သို့ ဖုန်းခေါ်ပါ။ စကားပြန်လိုအပ်ပါက ကျွန်ုပ်တို့အား အသိပေးပါ၊ အခမဲ့ စီစဉ်ပေးပါမည်။
- ဝန်ဆောင်လုပ်ငန်းဌာနတစ်ခုသို့ သွားရောက်ပါ။

မှတ်ချက်- သင့်ဖုန်းမှ **'13' '** နံပါတ်ခေါ်ဆိုမှုများကို ဩစတြေးလျတွင် မည်သည့်နေရာမှမဆို ပုံသေနှုန်း ပေးရပါသည်။ ထိုနှုန်းထားသည် ဒေသတွင်း ဖုန်းခေါ်မှုနှုန်းနှင့် ကွာခြားနိုင်ပြီး တယ်လီဖုန်းကုမ္ပဏီများကြားတွင်လည်း ကွဲပြားနိုင်ပါသည်။ သင့်အိမ်ဖုန်းမှ **'1800' '** နံပါတ်များသို့ ဖုန်းခေါ်ပါက အခမဲ့ဖြစ်သည်။ အများသုံးဖုန်းနှင့် မိုဘိုင်းလ်ဖုန်းများမှ ဖုန်းခေါ်ဆိုမှုများကို အချိန်သတ်မှတ်ပြီး ဈေးကြီးသောနှုန်းဖြင့် ကောက်ခံနိုင်ပါသည်။

## ရှင်းလင်းချက်

ဤအချက်အလက်သည် 2023 ခုနှစ် စက်တင်ဘာလတွင် မှန်ကန်တိကျပါသည်။ ဤထုတ်ဝေမှုတွင်ပါရှိသော အချက်အလက်သည် ထောက်ပံ့ငွေနှင့် ဝန်ဆောင်လုပ်ငန်းများအတွက် လမ်းညွှန်ချက်တစ်ခုအဖြစ်သာ ရည်ရွယ်ပါသည်။ သင်၏ သီးသန့်အခြေအနေများနှင့် ပတ်သက်၍ သင်သည် ထောက်ပံ့ငွေတစ်ခုအတွက် လျှောက်ထားရန်နှင့် လျှောက်လွှာတင်သွင်းရန်သည် သင့်တာဝန် ရှိပါသည်။

# Recently arrived in Australia?

This brochure has information that might be useful to you if you have recently moved to Australia. Moving to a new country can be difficult. As a new arrival, you may get some payments and services from the Australian Government.

## Health services

Australia has a national health care system – Medicare. Medicare helps eligible people with the cost of their health care. This includes getting some money back if you pay to visit a doctor, and getting cheaper medicines through the Pharmaceutical Benefits Scheme or Repatriation Pharmaceutical Benefits Scheme.

For more information go to **servicesaustralia.gov.au/medicareservices**

For more information about eligibility requirements and how to enrol in Medicare go to **servicesaustralia.gov.au/medicarecard**

You can get a My Health Record when you enrol in Medicare. A My Health Record is a secure online summary of your health information. You can control what goes into it, and who can access it. You can choose to share your health information with your doctors, hospitals and other healthcare providers. You can manage your child's My Health Record until they turn 14. Once they turn 14, they can manage it themselves.

For information about using your My Health Record go to **myhealthrecord.gov.au** or call **1800 723 471.**

If you are visiting Australia from certain countries, you may be entitled to some subsidised health services under Reciprocal Health Care Agreements. Australia has Reciprocal Health Care Agreements with a number of other countries. For a list of these countries go to **servicesaustralia.gov.au/rhca**

If you are from one of these countries and meet the eligibility requirements, you may be eligible for Medicare services while you are in Australia.

## Our payments

The payments or concession cards you may get depend on the type of visa you hold or if you already have Australian citizenship. There may also be waiting periods and other conditions you need to know about.

You may get certain payments or concession cards if you are new to Australia and have a permanent residence, humanitarian, refugee, provisional partner or temporary protection type visa, or you are a New Zealander living in Australia on a Special Category visa.

For more information about residence requirements go to **servicesaustralia.gov.au/residencedescriptions**

### Special Benefit

If you are not eligible for another payment, and are seeking assistance because of financial hardship, you may be eligible for Special Benefit.

Special Benefit is a payment to help if you are in financial need because of reasons outside of your control and you are unable to earn enough income to support yourself and your dependants.

If you (and your partner) are not eligible for an income support payment due to your Australian residence status, any child (or children) you have in your custody may be eligible to get Special Benefit, provided they are an Australian citizen or an Australian permanent resident.

## Your payment obligations

Some of our payments require you to do certain activities and go to certain appointments. It is important you do these activities and go to your appointments to avoid your payments being stopped.

## Immunisation and family assistance

Childhood vaccinations listed on the National Immunisation Program Schedule are linked to family assistance payments. We will check if each child you are getting family payments for meets the immunisation requirements.

Your child must be up to date with their immunisations for you to get:

- the full entitlement of Family Tax Benefit Part A
- Child Care Subsidy
- Additional Child Care Subsidy.

To view the National Immunisation Program Schedule, go to **health.gov.au/immunisation**

If you have had immunisations in another country, you can have them added to the Australian Immunisation Register (AIR). For more information about overseas immunisations, go to **servicesaustralia.gov.au/overseasimmunisations**

For more information about immunisation requirements, go to **servicesaustralia.gov.au/immunisation**

You do not need to tell us when your child is immunised – we check their status on the AIR.

You can view immunisation history statements for yourself or your child under 14 years using your Medicare online account through myGov or the Express Plus Medicare mobile app. If you are 14 years or older, you can view your own immunisation history statement. If you do not have a myGov account you can create one at **my.gov.au** and link to Medicare.

Read more about the AIR at **servicesaustralia.gov.au/air**

## Waiting periods

New residents may need to serve certain waiting periods before claiming payments or concession cards. There are exemptions to this. For example, if you arrived on a refugee visa.

Your waiting period starts on the day you start living here after you get a permanent residence visa. Only days spent in Australia during this time count towards the waiting period.

For more information, go to **servicesaustralia.gov.au/newresidentswaiting**

## International social security agreements

We have agreements with other countries that may help you get a payment from us. They may also help you get a payment from the other country. Time spent in Australia and the other country may help you to qualify for payments. When you claim a payment, we will check if you can get it based on the agreement with the other country. For more information go to **servicesaustralia.gov.au/issa**

### Payments paid outside Australia

Your payment or concession card may be affected if you leave Australia. Depending on which payment you get, you may need to tell us about your travel plans before you leave.

For more information, go to **servicesaustralia.gov.au/paymentsoverseas**

## Our services

### Information in your language

We have information in over 70 languages that you can read, listen to or watch to help you understand our payments and services.

For information in languages other than English go to **servicesaustralia.gov.au/yourlanguage**

If you need a document in another language translated to claim one of our payments or services, we will do this for free.

Call **131 202** to speak with us in your language about Centrelink payments and services. Call **132 011** for Medicare and **131 272** for Child Support and let us know if you need an interpreter. We will arrange one for free.

### Multicultural Service Officers

Multicultural Service Officers work with community groups and organisations to help migrants and refugees connect with our payments and services.

### Refugee services

If you have arrived in Australia on a refugee or humanitarian visa, or you were granted a Permanent Protection Visa in Australia, we can help you settle into your new life.

Our refugee services can help you with financial assistance, enrolling in Medicare and getting a Tax File Number. They can also help you with referrals for:

- English language classes
- education and training
- employment assistance
- other government and community services.

If you have a Humanitarian Settlement Program provider, they will help you access our services. If you do not have someone to help you, call **131 202** to speak to someone in your language.

### Social workers

Our social workers can provide short term counselling, information and referrals to support services.

You can contact a social worker by calling us on the same number you use to call Centrelink and asking to speak with one.

If you need an interpreter, let us know and we can arrange one for you.

### International Services

We can help you claim an Australian payment under one of our Social Security Agreements. We can also help you claim a foreign pension. Contact us on **13 16 73.**

# Other information

## Tell us about changes in your life

You need to tell us if your circumstances change. This can include changing your address, starting or stopping work or study, or if you have a baby.

If you do not tell us about changes to your circumstances, we may pay you too much and you will need to pay it back to us.

We do regular reviews to make sure people get the right payment and the right amount.

For information on what to update and how, go to **servicesaustralia.gov.au/notifychanges**

## Owing money

Sometimes people owe us money. If you owe us money you will need to pay us back.

For more information go to **servicesaustralia.gov.au/owingmoney**

## Assurance of Support

An Assurance of Support is a commitment by an individual or an organisation to support a person who's applying to migrate to Australia.

If you are in Australia under an Assurance of Support arrangement and you are paid certain income support payments from us, your assurer must repay the full amount while the arrangement is in place.

## Learning English

We can help you access classes where you can learn or improve your English. You will need to learn English if you want to become an Australian citizen.

If you were granted a visa to come to Australia as a migrant, refugee or humanitarian entrant, you can access free English classes through the Department of Home Affairs' Adult Migrant English Program (AMEP).

You will need to register with one of the AMEP service providers within 6 months (or 12 months if aged between 15 and 17 years) of arriving in Australia or being granted permanent residence.

The Skills for Education and Employment program can help you improve your English, reading, writing and basic maths skills to increase your chances of getting and keeping a job. To find out if you are eligible for this program, call us on your regular payment line or visit a service centre.

## Family and domestic violence

We support people affected by family and domestic violence by providing information, resources and referrals.

We have information available in different languages. If you or someone you know is affected by family and domestic violence, go to **servicesaustralia.gov.au/domesticviolence**

Support is also available from:

1800RESPECT **1800 737 732** or **1800RESPECT.org.au**

MensLine Australia **1300 789 978** or **mensline.org.au**

# Extra assistance

## Getting someone to deal with us on your behalf

If you would prefer to have someone else handle your Centrelink, Medicare or Child Support business, you can authorise a person or organisation to deal with us on your behalf.

For more information about these arrangements:

- go to **servicesaustralia.gov.au/nominees**
- call us
- visit a service centre.

## Managing your money

The way you use your money will change over your lifetime.

For information to help you at different times in your life go to **servicesaustralia.gov.au/managingmoney**

## Centrepay

Centrepay is a free and voluntary service to pay bills and expenses as regular deductions from your Centrelink payments. You can pay your regular bills and other expenses such as rent, electricity and phone. You can start, change or stop deductions at any time, one of these ways:

- online using your Centrelink online account through myGov
- using the myGov mobile app on your mobile device
- using the Express Plus Centrelink mobile app on your mobile device
- at a service centre with help from our staff
- by calling us on your regular payment number
- by asking the business you want to pay, to set it up for you.

For more information or to find an approved business go to **servicesaustralia.gov.au/centrepay**

## Additional payments and services

We understand you may have some costs or issues you need extra help with. You may also access some of the following:

- Rent Assistance
- Child Care Subsidy
- Rent Deduction Scheme
- Concession cards
- Financial Information Service.

For more information about these payments and services go to **servicesaustralia.gov.au** or call us.

# Manage your information online

It is easy to manage your information with us online, anytime and anywhere. Use a Centrelink, Medicare and Child Support online account to access and manage your information without needing to call or visit us. You can access these online accounts through myGov or the Express Plus mobile apps.

## myGov

myGov lets you access government services online all in one place. You can do this through the myGov website or the app.

To create a myGov account, follow the prompts at **my.gov.au**

To link Centrelink, Medicare or Child Support, select **View and link services**, then select the **Link** button next to Centrelink, Medicare or Child Support.

You will need to answer questions about yourself. This helps us link the correct record to your myGov account.

For help with your myGov account or linking Centrelink, Medicare or Child Support:

- go to **my.gov.au/help**
- watch myGov videos at **youtube.com/mygovau**
- call 132 307 and select Option 1 for the myGov help desk.
- myGov app
- Download the app to use myGov on your mobile. Scan the QR code or go to **my.gov.au/app**

Apple, and the Apple logo are trademarks of Apple Inc., registered in the U.S. and other countries. App Store is a service mark of Apple Inc.

Google Play and the Google Play logo are trademarks of Google LLC.

## Express Plus mobile apps

You can manage your information using the Express Plus mobile apps. You will need to link Centrelink, Medicare or Child Support to your myGov account before you can use the apps.

For more information about the Express Plus mobile apps go to **servicesaustralia.gov.au/expressplus**

## Scams and your online security

Keep your information safe online. Go to **servicesaustralia.gov.au/scams** to find out how.

If you need to report a scam related to myGov or Services Australia, including Centrelink, Medicare or Child Support, email it to **reportascam@servicesaustralia.gov.au**

If you think you have been scammed by someone impersonating myGov or Services Australia, including Centrelink, Medicare or Child Support, call our Scams and Identity Theft Helpdesk on **1800 941 126.**

## Keeping up to date

To find out about changes to payments and services:

- subscribe to our *News* for up-to-date information at **servicesaustralia.gov.au/news**
- connect with us on social media at **servicesaustralia.gov.au/socialmedia**

### Information in other formats

Some information is available in audio CD/DVD, large print, Braille and e-text. Call us on **132 717** with your request.

If you are deaf or have a hearing or speech impairment call the National Relay Service Helpdesk on **1800 555 660** or go to **communications.gov.au/accesshub**

## For more information

- go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch videos with information in your language
- call **131 202** to speak with us in your language about Centrelink payments and services
- call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free
- visit a service centre.

**Note:** calls from your phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

This information is accurate as at September 2023. The information contained in this publication is intended only as a guide to payments and services. It is your responsibility to decide if you wish to apply for a payment and to make an application, with regard to your particular circumstances.